ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ကွန်ဂိုသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူများ-

၁။ ဒေါ်သီတာတင်
ဒုတိယညွှန်ကြားရေးမှူး
ရုံးအဖွဲ့၊ အဖွဲ့ခွဲ (၁)

၂။ ဒေါ်မေသဇင်ဖြိုး
ဦးစီးအရာရှိ
ရုံးအဖွဲ့၊ အဖွဲ့ခွဲ (၁)



ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်။

## မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ကွန်ဂိုသမ္မတနိုင်ငံအကြောင်းအကျဉ်းချုပ် |
| ၂။ | ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းအကြောင်းအကျဉ်းချုပ် |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့သည့်ခုနှစ်များ |
| ၄။ | နိုင်ငံတော်အာဏာပိုင်းခြားကျင့်သုံးခြင်း |
| ၅။ | အုပ်ချုပ်ရေး |
| ၆။ | ဥပဒေပြုရေး |
| ၇။ | တရားစီရင်ရေး |
| ၈။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်း |
| | ၈-၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဖွဲ့စည်းပုံ |
| | ၈-၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများ ရွေးချယ်ပုံနှင့် အရည်အချင်းသတ်မှတ်ချက်များ |
| | ၈-၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများ၏ သက်တမ်း |
| | ၈-၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာ |
| ၉။ | အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့အပေါ် အပြန်အလှန်ထိန်းကျောင်းခြင်း |
| ၁၀။ | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း |
| ၁၁။ | သုံးသပ်ချက် |
| ၁၂။ | နိဂုံး |
| ၁၃။ | ကျမ်းကိုးစာရင်း |

# ကွန်ဂိုသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း

## ကွန်ဂိုသမ္မတနိုင်ငံအကြောင်းအကျဉ်းချုပ်

၁။ ကွန်ဂိုသမ္မတနိုင်ငံသည် အာဖရိကအနောက်အလယ်ပိုင်းတွင် တည်ရှိသည်။ ကွန်ဂိုသမ္မတနိုင်ငံကို ကွန်ဂို(ဘရာဇာဗီးလ်) (Congo-Brazzaville)ဟုလည်းကောင်း၊ လစ်တဲလ်ကွန်ဂိုဟုလည်းကောင်း၊ ကွန်ဂိုနိုင်ငံဟုလည်းကောင်း ခေါ်ဆိုကြသည်။ မြို့တော်မှာ ဘရာဇာဗီးလ် (Brazzaville) မြို့ ဖြစ်သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ဧရိယာ ၃၄၂,၀၀၀ ကီလိုမီတာ ကျယ်ဝန်းပြီး၊ ၂၀၂၄ သန်းခေါင်စာရင်းအရ လူဦးရေမှာ ၆,၃၇၃,၀၀၀ (၆၃ သိန်း) ကျော်ရှိသည်။ ကိုးကွယ်သည့်ဘာသာမှာ ခရစ်ယာန်ဘာသာကို အများဆုံးကိုးကွယ်ပြီး၊ ရိုမန်ကက်သလစ်ဘာသာ၊ ပရိုတက်စတင့်ဘာသာ၊ အခြားဘာသာကိုးကွယ်ကြသူများလည်းရှိသည်။ ရုံးသုံးဘာသာစကားမှာ ပြင်သစ်ဘာသာစကားဖြစ်ပြီး၊ သုံးစွဲသောငွေကြေးမှာ ဗဟိုအာဖရိကဖရန့်(XAF)ကို သုံးစွဲသည်။ ကွန်ဂိုသမ္မတနိုင်ငံသည် အနောက်မြောက်ဘက်တွင် ကင်မရွန်းနိုင်ငံ၊ မြောက်ဘက်တွင် ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အနောက်တောင်ဘက်တွင် အင်ဂိုလန်နယ်မြေ၊ အနောက်ဘက်တွင် ဂါဘွန်နိုင်ငံနှင့် တောင်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။[၁] ကွန်ဂိုသမ္မတနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ် ၁၉၆၀ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ခဲ့သည်။




ကွန်ဂိုသမ္မတနိုင်ငံ၏ မြေပုံ

---

[၁] https://www.britannica.com/topic/French-language

## ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကြောင်းအကျဉ်းချုပ်

၂။ ၁၄၈၂-၁၄၈၃ ခုနှစ်များတွင် ပေါ်တူဂီ စူးစမ်းရှာဖွေသူ Diogo Cao သည် ကွန်ဂိုမြစ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ကွန်ဂိုနိုင်ငံကို ပထမဆုံးတွေ့ရှိခဲ့သော ဥရောပနိုင်ငံသား ဖြစ်လာခဲ့သည်။ ကွန်ဂိုသမ္မတနိုင်ငံ၏ သမိုင်းကြောင်းအရ ထိုဒေသ၌ အစောဆုံးနေထိုင်သူများမှာ ဘမ်ဘူတီ (Bambuti) လူမျိုးများဖြစ်သည်။ ထိုဒေသတွင် ကွန်ဂိုမြစ်ဝကျွန်းပေါ်ဒေသနှင့် ကုန်ကူးသန်း ရောင်းဝယ်ရေးလုပ်ကိုင်ကြသော ဘန်တူ(Bantu) လူမျိုးစုများက အများဆုံးနေထိုင်ကြသည်။ အဓိကနေထိုင်သော ဘန်တူ(Bantu) မျိုးနွယ်စုများကို ဘာကွန်ဂိုဟုလည်း လူသိများသည်။[၂] ကုန်းတွင်းပိုင်း ဘန်တူ (Bantu) နိုင်ငံများနှင့် ဥရောပကုန်သည်များသည် ကုန်စည်များ ရောင်းဝယ် ဖောက်ကားခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ကုန်းတွင်းပိုင်း၌ လူများကို ကျွန်အဖြစ် ဖမ်းယူခိုင်းစေသော ဥရောပကုန်သည်များအကြား ကူးသန်းရောင်းဝယ်ဆက်ဆံရေး ကြီးထွား လာခဲ့သည်။ အတ္တလန္တိတ်ကူးသန်းရောင်းဝယ်ရေး ဗဟိုအချက်အချာအဖြစ် ရာစုနှစ်များစွာ ကြာပြီးနောက် ကွန်ဂိုမြစ်ဝကျွန်းပေါ်ဒေသ၏ ဥရောပကိုလိုနီပြုမှုသည် ၁၉ ရာစုတွင် စတင်ခဲ့ပြီး ဒေသတွင်းရှိ ဘန်တူ(Bantu) လူ့အဖွဲ့အစည်းများ၏ အင်အားကို ဆုတ်ယုတ်စေခဲ့သည်။[၃] ကွန်ဂိုသမ္မတနိုင်ငံသည် ပြင်သစ်ကိုလိုနီအဖြစ် မကျရောက်မီ ၁၈၈၀ ခုနှစ် ရှေ့ပိုင်းကာလ များတွင် BaTeke နိုင်ငံနှင့် Loango နိုင်ငံတို့လက်အောက်တွင်တည်ရှိခဲ့သည်။[၄]

၃။ Pierre de Brazza ၏ စာချုပ်အရ Bateke ၏ ဘုရင် Mokoko နှင့် ကွန်ဂိုမြစ်၏ မြောက်ဘက်ဧရိယာသည် ၁၈၈၀ ခုနှစ်တွင် ပြင်သစ်၏ အချုပ်အခြာအာဏာအောက်တွင် ကျရောက်ခဲ့သည်။ ထိုအချိန်မှစ၍ ၁၈၈၀ ခုနှစ်မှ ၁၉၆၀ ခုနှစ်အထိ ပြင်သစ်ကိုလိုနီဖြစ်ခဲ့သည်။ Makoko ကွယ်လွန်ပြီးနောက် သူ၏မိဘုရားဖြစ်သူ ဘုရင်မ Ngalifourou သည် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာခဲ့ပြီး ကိုလိုနီပြုသူများ၏ မဟာမိတ်ဖြစ်လာခဲ့သည်။ ပြင်သစ် ကိုလိုနီပြုသောကာလတွင် ကွန်ဂိုကိုလိုနီနယ်မြေကို ပထမဆုံး ပြင်သစ်ကွန်ဂိုအဖြစ် လူသိများ လာပြီး ၁၉၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကွန်ဂိုကိုလိုနီနယ်မြေကို ကွန်ဂိုအလယ်ပိုင်း နယ်မြေအဖြစ် အမည်ပြောင်းခဲ့သည်။[၅]

၄။ ဒုတိယကမ္ဘာစစ်အတွင်း ဘရာဇာဗီးလ်(Brazzaville)မြို့သည် ၁၉၄၀ နှင့် ၁၉၄၃ ခုနှစ် အကြား လွတ်လပ်သောပြင်သစ်၏ မြို့တော်ဖြစ်လာခဲ့သည်။

---

[၂] https://www.ambacongo-us.org/en/about-congo/ government

[၃] https://en.wikipedia.org/wiki/Republic_of_the_Congo

[၄] https://www.nyulawglobal.org/globalex/congo-brazzavilleာ.html

[၅] https://en.wikipedia.org/wiki/Republic_of_the_Congo

ကွန်ဂိုအလယ်ပိုင်းနယ်မြေသည် ၁၉၅၈ ခုနှစ်တွင် ကွန်ဂိုသမ္မတနိုင်ငံအဖြစ် လူသိများလာပြီး ၁၉၅၉ ခုနှစ်တွင် ၎င်း၏ ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေကို ထုတ်ပြန်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဘရာဇာဗီးလ် (Brazzaville)မြို့တွင် အဓိကရုဏ်းများ ဆက်တိုက် ဖြစ်ပွားခဲ့ပြီး ပြင်သစ်ရှုံးနိမ့်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဧပြီလတွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ကွန်ဂိုသမ္မတနိုင်ငံသည် ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြင်သစ်ထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ ပြင်သစ်ထံမှ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၆၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ မက်စ်လီနင်ဝါဒီ၊ တစ်ပါတီစနစ်ဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးသော ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံဖြစ်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ စတင်ကာ ပါတီစုံဒီမို ကရေစီစနစ်ကို ကျင့်သုံးရန် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ထို့နောက် ၁၉၉၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ကာလတိုပြည်တွင်းစစ် ဖြစ်ပွားခဲ့ပြီးနောက် ဒီမိုကရေစီအစိုးရအဖွဲ့မှာ အာဏာသိမ်းခြင်းခံခဲ့ရသည်။ ကွန်ဂိုပြည်တွင်းစစ်သည် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဖြစ်ပွားခဲ့သည်။ ကွန်ဂိုပြည်တွင်းစစ်တွင် ဘရာဇာဗီးလ် (Brazzaville)မြို့၌ ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့ပြီး လူပေါင်းထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

၅။ ထို့နောက် ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့သည်။ ထိုဆန္ဒခံယူပွဲမှ သဘောတူခဲ့သော ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရုပ်သိမ်းခဲ့သည်။ ထို ၂၀၀၂ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သမ္မတ၏ သက်တမ်းကို ၇ နှစ် အထိ တိုးမြှင့်ခဲ့သည်။ ၂၀၀၂ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပရာတွင် မဲမသမာမှုများနှင့် လိမ်လည်မှုများစွာရှိခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် လူထုဆန္ဒခံယူပွဲကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် ၂၀၀၂ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရုပ်သိမ်းကာ ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အစားထိုး ပြဋ္ဌာန်းခဲ့သည်။[၆] ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း ၂၁ ခန်းနှင့် အပိုဒ် (Article) ပေါင်း ၂၄၆ ပိုဒ် ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၈ တွင် လူသားတိုင်း အသက်ရှင်သန်ခွင့်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ထိုအချက်ကို လေးစားရန်နှင့် အကာအကွယ်ပေးရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပြီး ကြီးလေးသောပြစ်ဒဏ်ဖြစ်သည့် သေဒဏ်ကို ပယ်ဖျက်(abolished)ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့သည့်ခုနှစ်များ

၆။ ကွန်ဂိုသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၆၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံ

[၆] https://www.nyulawglobal.org/globalex/congo-brazzaville၁.html

အခြေခံဥပဒေ၊ ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီး ယခုကျင့်သုံးနေသော ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၂၂ ခုနှစ်တွင် တစ်ကြိမ် ပြင်ဆင်ခဲ့သည်။

## နိုင်ငံတော်အာဏာပိုင်းခြားကျင့်သုံးခြင်း

၇။ ကွန်ဂိုသမ္မတနိုင်ငံသည် Civil Law legal System ကိုကျင့်သုံးပြီး နိုင်ငံတော်သမ္မတသည် နိုင်ငံ၏အကြီးအကဲဖြစ်သည်။ အပြန်အလှန်ထိန်းကျောင်းမှု (Check and balance) အပေါ်အခြေခံ၍ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး ၊ တရားစီရင်ရေး အာဏာများကိုခွဲဝေပိုင်းခြား (Separation of Power) ကျင့်သုံးသည်။ အုပ်ချုပ်ရေးကဏ္ဍတွင် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီးများအဖွဲ့က အစိုးရအဖွဲ့အဖြစ်ဆောင်ရွက်သည်။ ကွန်ဂိုသမ္မတနိုင်ငံ၏ ဥပဒေပြုရေး အာဏာကို အမျိုးသားလွှတ်တော်နှင့် အထက်လွှတ်တော်တို့ပါဝင်သော လွှတ်တော်နှစ်ရပ်ဖြင့် ကျင့်သုံးသည်။ တရားစီရင်ရေးကဏ္ဍတွင် တရားလွှတ်တော်ချုပ် (Supreme Court)၊ အယူခံ တရားရုံးများ (The Courts of Appeal)နှင့် အဆင့်ဆင့်သောတရားရုံးများအပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးတို့ကို ဖွဲ့စည်းထားပြီး တရားစီရင်ရေးအာဏာကို လွတ်လပ် စွာကျင့်သုံးသည်။

## အုပ်ချုပ်ရေးကဏ္ဍ

၈။ ကွန်ဂိုသမ္မတနိုင်ငံသည် Semi-Presidential Republic နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အုပ်ချုပ်ရေး ကဏ္ဍတွင် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီးများအဖွဲ့က အစိုးရအဖွဲ့ အဖြစ် ဦးဆောင်ကျင့်သုံးပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး နိုင်ငံတော်၏ လွတ်လပ်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ အမျိုးသားစည်းလုံးညီညွတ်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာမှု၊ နိုင်ငံတကာစာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာသဘောတူ ညီချက်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အာမခံပေးသူဖြစ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော် ကာကွယ်ရေး၊ နိုင်ငံခြားရေးမူဝါဒများနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးရပါသည်။ နိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူ့အာဏာကျင့်သုံးသည့် လုပ်ငန်းစဉ်များကို ပုံမှန်ဆောင်ရွက် နိုင်ရန် ထိန်းသိမ်းကြီးကြပ်ရပါသည်။[၇] နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လည်းဖြစ်သည်။[၈] နိုင်ငံတော်သမ္မတ၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး နှစ်ကြိမ်ရွေးချယ် ခံပိုင်ခွင့် ရှိသည်။[၉]

---

[၇] Congo (Republic of the)'s Constitution of 2015 Article 64

[၈] Ibid , Article 90

[၉] Ibid , Article 65

၉။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရမည့် သူများသည် ကွန်ဂိုနိုင်ငံသားဖြစ်သူ၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ခံစားခွင့်ရှိသူ၊ ကောင်းမွန်သောအကျင့် စာရိတ္တရှိသူ၊ ကျွမ်းကျင်သော လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၈ နှစ် ရှိသူ၊ အသက် ၃၀ နှစ်ပြည့်သူ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် ဆရာဝန် ၃ ဦးထံမှ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြောင်း ထောက်ခံချက်ရှိသူဖြစ်ရမည်။ ထိုသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ရန်လျှောက်ထားခွင့် ပြုမည်မဟုတ်ပေ။[၁၀] နိုင်ငံတော်သမ္မတကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရွယ်ရောက်ပြီးသူတိုင်း မဲပေးခွင့်ရှိသူများ၏ လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်မဲပေးရွေးချယ်သည်။[၁၁]

၁၀။ နိုင်ငံတော်သမ္မတ သေဆုံးခြင်း သို့မဟုတ် သမ္မတတာဝန်များကို မထမ်းဆောင်နိုင်ခြင်းကြောင့် သမ္မတနေရာ လစ်လပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထက်လွှတ်တော် ဥက္ကဋ္ဌကလည်းကောင်း၊ အထက်လွှတ်တော် ဥက္ကဋ္ဌက တာဝန်ကိုမထမ်းဆောင်နိုင်သည့် အခြေအနေမျိုးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကလည်းကောင်း၊ အကယ်၍ ၎င်းတို့နှစ်ဦးစလုံးက တာဝန်မထမ်းဆောင်နိုင်သည့် အခြေအနေဖြစ်ပါက နိုင်ငံတော်ဝန်ကြီးချုပ်ကလည်းကောင်း သမ္မတ၏ လုပ်ငန်းတာဝန်များကို ယာယီဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတရာထူး လစ်လပ်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ဝန်ကြီးချုပ်က ၂၄ နာရီအတွင်း တင်ပြခြင်းမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အလိုအလျောက် သမ္မတရာထူး လစ်လပ်ကြောင်းကြေညာနိုင်သည်။[၁၂] နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ကို ခန့်အပ်နိုင်သကဲ့သို့ တာဝန်မှလည်း ရုပ်စဲနိုင်သည်။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏ အဆိုပြုချက်ဖြင့် အစိုးရအဖွဲ့၏ အခြားဝန်ကြီးများကို ခန့်အပ်နိုင်သည်။ ထို့အတူ တာဝန်မှလည်း ရုပ်စဲနိုင်သည်။[၁၃] ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်အတွက် နိုင်ငံတော်သမ္မတက သာလျှင် အစပြုဆောင်ရွက်နိုင်ပါသည်။[၁၄] နိုင်ငံတော်သမ္မတသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်အတွက် ဥပဒေကြမ်းကို စိစစ်ကြီးကြပ်ရန် မဖြစ်မနေလိုအပ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးထံမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း သဘောထားမှတ်ချက်ရရှိသည့် အချိန်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် အဆိုပါဥပဒေကြမ်းကို အတည်ပြုရန် တင်ပြနိုင်သည်။[၁၅]

---

[၁၀] Congo (Republic of the)'s Constitution of 2015 Article 66

[၁၁] Ibid , Article 67

[၁၂] Ibid , Article 78

[၁၃] Ibid , Article 83

[၁၄] Ibid , Article 86

[၁၅] Ibid , Article 87

နိုင်ငံတော်သမ္မတနှင့် စပ်လျဥ်းသော ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပိုဒ် ၆၄ မှ ၉၇ အထိ ပြဋ္ဌာန်းထားပါသည်။

## ဥပဒေပြုရေးကဏ္ဍ

၁၁။ ကွန်ဂိုသမ္မတနိုင်ငံ၏ ပါလီမန်ကို အထက်လွှတ်တော် (Senate)နှင့် အမျိုးသားလွှတ်တော် (National Assembly) ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။[၁၆] အမျိုးသားလွှတ်တော် (National Assembly) သည် ကွန်ဂိုသမ္မတနိုင်ငံ၏ bicameral ပါလီမန်၏ အောက်လွှတ်တော် ဖြစ်သည်။ ၎င်းတွင် အဖွဲ့ဝင် ၁၅၁ ဦးပါဝင်သည်။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရွယ်ရောက်ပြီးသူတိုင်း မဲပေးခွင့်ရှိသူများ၏ လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်မဲပေးရွေးချယ်သည်။[၁၇] လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းမှာ ၅ နှစ် ဖြစ်ပြီး ထပ်မံရွေးချယ် ခံပိုင်ခွင့်ရှိသည်။[၁၈]အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းအဖြစ်တင်သွင်းချိန်တွင် ကွန်ဂိုနိုင်ငံသားဖြစ်ရမည်၊ အနည်းဆုံး အသက် ၁၈ နှစ် ရှိရမည်၊ နိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူဖြစ်ရမည်၊ မိမိအလိုအလျောက် ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရမှုမရှိသူဖြစ်ရမည်။[၁၉]

၁၂။ အထက်လွှတ်တော် (Senate) သည် ကွန်ဂိုသမ္မတနိုင်ငံ ပါလီမန် (Parliament)၏ အထက်လွှတ်တော်ဖြစ်သည်။ ၎င်းတွင် အဖွဲ့ဝင် ၇၂ ဦးရှိပြီး တိုင်းဒေသကြီး ၁၂ ခုစီအတွက် ၆ ဦးစီကို ဌာနဆိုင်ရာနှင့် ဒေသန္တရဆိုင်ရာအတိုင်ပင်ခံလူကြီးများမှတစ်ဆင့် ဆန္ဒမဲပေး၍ ၆ နှစ်သက်တမ်း အတွက် ရွေးကောက်တင်မြှောက်ထားပြီး ထပ်မံရွေးချယ်ခံပိုင်ခွင့်ရှိသည်။[၂၀] အထက်လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းချိန်တွင် ကွန်ဂိုနိုင်ငံသား ဖြစ်ရမည်၊ အနည်းဆုံး အသက် ၄၅ နှစ်ရှိရမည်၊ နိုင်ငံနယ်နိမိတ်အတွင်းနေထိုင်သူဖြစ်ရမည်၊ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ရရှိခံစားခွင့်ရှိသူဖြစ်ရမည်၊ မိမိအလိုအလျောက် ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမှုမရှိသူ ဖြစ်ရမည်။[၂၁]

---

[၁၆] Congo (Republic of the)'s Constitution of 2015 Article 107

[၁၇] Ibid , Article 128

[၁၈] Ibid , Article 129

[၁၉] Ibid , Article 132

[၂၀] https://en.wikipedia.org/wiki/Republic-of-the-Congo

[၂၁] Ibid , Article 137

**တရားစီရင်ရေးကဏ္ဍ**

၁၃။ တရားစီရင်ရေးအာဏာနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၆၆ မှ ၁၇၄ အထိ ပြဋ္ဌာန်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၆၈ အရ တရားစီရင်ရေးအာဏာကို ဥပဒေပြုရေး အာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့၏ ဝင်ရောက်စွက်ဖက်ခံရခြင်းမရှိဘဲ လွတ်လပ်စွာစီရင်ခွင့် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်၊ အယူခံ တရားရုံးများနှင့် ပြည်တွင်းရှိ အခြားတရားရုံးများကကျင့်သုံးကြပါသည်။ တရားစီရင်ရေးကဏ္ဍ တွင်ပါဝင်သော တရားရုံးများမှာ တရားလွှတ်တော်ချုပ် (The Supreme Court)၊ အယူခံ တရားရုံးများ (The Courts of Appeal)၊ မူလခုံရုံးများ (the Tribunal of first instance)၊ စီမံခန့်ခွဲရေးဆိုင်ရာခုံရုံးများ (the Admininstrative Tribunals) ၊ အလုပ်သမားရေးရာခုံရုံး(the Labour Tribunal)၊ စီးပွားရေးရာခုံရုံးများ(the Commercial Tribunals)၊ ခုံရုံးများ (the Tribunals of instance)နှင့် စီရင်ပိုင်ခွင့်အာဏာအရတည်ထောင်ထားသော အခြားတရားရုံးများ ဖြစ်ကြပါသည်။ တရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ပြည်တွင်းရှိ အခြားတရားသူကြီး များကို တရားသူကြီးများ ကြီးကြပ်မှုကောင်စီ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ပါသည်။

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၆၆ အရ၊ အထက်ဖော်ပြပါတရားရုံးများ၏ ရုံးစိုက်ရာ ဒေသ၊ ယင်းတို့၏ဌာနတွင်းဖွဲ့စည်းပုံနှင့် အဆိုပါအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာနအလိုက် ဌာနတွင်းဥပဒေများပြဋ္ဌာန်း၍ သတ်မှတ်ရမည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၇၀ အရ တရားသူကြီးများကြီးကြပ်မှုကောင်စီ (The Superior Council of the Magistrature) ကိုဖွဲ့စည်းထားပြီး အဆိုပါကောင်စီကို နိုင်ငံတော်သမ္မတက ဦးဆောင်ပါသည်။ တရားသူကြီးများကြီးကြပ်မှုကောင်စီတွင် တရားလွှတ် တော်ချုပ် တရားသူကြီးချုပ် (The First President of the Supreme Court)၊ ရှေ့နေချုပ်(The Procurator General)၊ ဒုတိယတရားသူကြီးချုပ် (The Vice President)နှင့် တရားလွှတ်တော် ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ( The First Advocate General) တို့ကအဖွဲ့ဝင်များအဖြစ် ပါဝင်ကြ ပါသည်။

၁၅။ ကွန်ဂိုနိုင်ငံ၏တရားစီရင်ရေးစနစ်သည် ပြင်သစ်ကိုလိုနီဖြစ်ခဲ့သည့်အလျောက် ပြင်သစ် civil Lawနှင့် ကွန်ဂိုဓလေ့ထုံးတမ်းများအပေါ်အခြေခံထားကြောင်းလေ့လာတွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံတကာဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာစံနှုန်းများကို လည်း လိုက်နာကြောင်းတွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ အမြင့်ဆုံးဥပဒေ ဖြစ်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း

၁၆။ ကွန်ဂိုသမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကိုဖြေရှင်းဆုံးဖြတ်ရန်အမြင့်ဆုံးတရားစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးဖြစ်ကြောင်း လက်ရှိကျင့်သုံးလျက်ရှိသော ၂၀၁၅ ခုနှစ်၊ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၇၅ တွင် ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သီးသန့်တည်ထောင်ထားရှိခြင်းမှာ ပြဋ္ဌာန်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် သဘောတူစာချုပ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန် အတွက်ကြီးကြပ်ထိန်းကျောင်းရန် တည်ထောင်ထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖြစ် သီးသန့်မဖွဲ့စည်းမီက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များအတွက် တရားလွှတ်တော်ချုပ်က အဆုံးအဖြတ် ပြုခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။ ကွန်ဂိုသမ္မတနိုင်ငံတွင် ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကိုအဆုံးအဖြတ်ပြုရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကိုဖွဲ့စည်းခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ရာ၌လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးအဖြစ် သီးသန့်ဖွဲ့စည်းတည်ထောင်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ

၁၇။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကွန်ဂိုသမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို၂၀၁၅ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈၂ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို အဖွဲ့ဝင် (၉) ဦးဖြင့် ဖွဲ့စည်းထားပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများ ရွေးချယ်ပုံနှင့် အရည်အချင်း သတ်မှတ်ချက်များ

၁၈။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၈၂ ၊ အပိုဒ် ၁၈၃ နှင့် အပိုဒ် ၁၈၇ တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများရွေးချယ်ပုံနှင့် အရည်အချင်း သတ်မှတ်ချက်များကိုပြဋ္ဌာန်းထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများကို နိုင်ငံတော်သမ္မတက ရွေးချယ်သူ (၃) ဦး၊ အထက်လွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်သူ (၂) ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်သူ(၂)ဦးနှင့် တရားစီရင်ရေး နယ်ပယ်ရှိ တရားသူကြီးများအနက်မှ တရားလွှတ်တော်ချုပ်ကရွေးချယ်သူ (၂)ဦး စီဖြင့် အသီးသီးရွေးချယ်ခန့်အပ်ခြင်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌကို တရားသူကြီး အဖွဲ့ဝင်

များထဲမှ ရွေးချယ်၍ နိုင်ငံတော်သမ္မတကခန့်အပ်ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ တရားသူကြီးအဖွဲ့ဝင်များအနက်မှ အနည်းဆုံး (၆)ဦးကို ဥပဒေနယ်ပယ်မှ ထင်ရှားသည့် ပုဂ္ဂိုလ်များဖြင့်ခန့်အပ် ဖွဲ့စည်းရမည်ဖြစ်ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများ၏ သက်တမ်း**

၁၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများ၏ သက်တမ်းမှာ (၄)နှစ် ဖြစ်ပြီး၊ နှစ်ကြိမ် ရွေးချယ်ခံပိုင်ခွင့်ရှိပါသည်။ တရားသူကြီးအသစ်များရွေးချယ်၍ ပြန်လည်ခန့်အပ်ခြင်း ကို သက်ဆိုင်ရာဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈၆ တွင် လေ့လာတွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ပိုင်ခွင့်အာဏာများ**

၂၀။ ကွန်ဂိုနိုင်ငံ၏၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၈၅ တွင်ပြဋ္ဌာန်းထားချက်များ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိဆုံးဖြတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအပေါ် အဆုံးအဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိကြောင်း တွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

၂၁။ ဘဏ္ဍာရေးဆိုင်ရာဥပဒေမှလွဲ၍ ကျန်ဥပဒေများ၊ အမိန့်များ၊ ဌာနတွင်း စည်းမျဉ်းများ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များကို အတည်ပြုပြဋ္ဌာန်းခြင်း၊ လက်မှတ် ရေးထိုးခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိအတည်ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးသို့ ပေးပို့ရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်ကြောင်းကြေညာပြီးသည့်အချိန်တွင်မှ သက်ဆိုင်ရာအဖွဲ့အစည်းက အဆိုပါ ဥပဒေများနှင့် သဘောတူစာချုပ်များကို အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းခြင်း၊ လက်မှတ်ရေးထိုးခြင်း တို့ဆောင်ရွက်ရပါသည်။ ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၅ အရ အစိုးရအဖွဲ့သို့ အမျိုးသားလွှတ်တော်က တင်ပြသည့်အခါ နိုင်ငံတော်သမ္မတသည် ၁၅ ရက်အတွင်း ဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းရသည်။ အရေးပေါ်ကိစ္စဖြစ်ကြောင်း ပါလီမန်ရှိလွှတ်တော် နှစ်ရပ်စလုံးက ကြေညာသည့်အခါ အဆိုပါရက် ကန့်သတ်ချက်ကို ၅ ရက်သို့လျှော့ချနိုင်သည်။

၂၂။ နိုင်ငံတော်သမ္မတသည် သတ်မှတ်ထားသည့် အချိန်ကုန်ဆုံးချိန်တွင် ပါလီမန်လွှတ် တော်တစ်ရပ် သို့မဟုတ် အခြားလွှတ်တော်၏ တောင်းဆိုမှုဖြင့် အဆိုပါဥပဒေ သို့မဟုတ် အဆိုပါ

ဥပဒေ၏ ပုဒ်မများကို ဒုတိယအကြိမ်ဆွေးနွေးခြင်း (deliberation) ပြုလုပ်ရပါသည်။ ထိုသို့ ပြုလုပ်ရန်ငြင်းဆိုခွင့် မရှိပါ။ လွှတ်တော်အစည်းအဝေးပြီးဆုံး၍ ဒုတိယအကြိမ် ဆွေးနွေးမှု ပြုလုပ်ခြင်းကို ဆက်လက်ကျင်းပသည့် အစည်းအဝေး၌ ပြုလုပ်ရမည်ဖြစ်သည်။ ဒုတိယအကြိမ် ဆွေးနွေးခြင်းအတွက် ဆန္ဒမဲပေးရာတွင် ကွန်ဂရက်ရှိ အထက်လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့တွင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံ၏ ထောက်ခံမဲလိုအပ် ပါသည်။ အကယ်၍ အပြီးသတ်မဲပေးအပြီးတွင် နိုင်ငံတော်သမ္မတက အဆိုပါဥပဒေကိုပြဋ္ဌာန်းရန် ငြင်းဆိုခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ သမ္မတကဖြစ်စေ၊ ပါလီမန်၏ လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ ဥပဒေနှင့်အညီထိန်းသိမ်းဆောင်ရွက်ရန် ပေးပို့ရပါမည်။ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အဆိုပါဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း ကြေညာပါက နိုင်ငံတော်သမ္မတသည် အဆိုပါဥပဒေကိုပြဋ္ဌာန်းရမည်ဟု ဖော်ပြ ထားကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေများ ပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ဆုံးဖြတ်ပေးရကြောင်း လေ့လာ တွေ့ရှိရပါသည်။

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၇၈ အရ ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ပေးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ် သို့မဟုတ် ပါလီမန်လွှတ်တော် အသီးသီး၏ သုံးပုံတစ်ပုံသော လွှတ်တော်အမတ်များက တင်သွင်းနိုင်သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁ ပါ ပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ပါလီမန်ရှိလွှတ်တော်အသီးသီး၏ ဌာနတွင်း စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်မဖော်မီ သို့မဟုတ် ဌာနတွင်းဥပဒေများကို မပြဋ္ဌာန်းမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ သဘောထားပေးရန် တင်ပြပေးပို့လာသည့် ကိစ္စရပ် များကို ၁ လ အတွင်းဆုံးဖြတ်ချက် ချမှတ်ရသည်။ သို့ရာတွင် အရေးကြီးကိစ္စဖြစ်လျှင် အချိန် သတ်မှတ်ချက်ကို ၁၀ ရက်သို့ လျှော့ချနိုင်သည်။ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် အပြည်ပြည် ဆိုင်ရာဥပဒေတို့၏ တရားဝင်အဆင့်အတန်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် အခွင့်အာဏာရှိကြောင်း အပိုဒ် ၁၈၀ အရ ထင်ရှားစွာ လေ့လာတွေ့ရှိရပါသည်။ မည်သူမဆို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်ဖြစ်စေ၊ လျှောက်လွှာ (Plea) တင်သွင်းခြင်းအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေ စီရင်ပိုင်ခွင့်တစ်ခုတွင် ၎င်းနှင့် သက်ဆိုင်သော အချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သောအချက်ပါဝင်နေလျှင်

အဆိုပါ သဘောတူစာချုပ်နှင့် အဆိုပါ ဥပဒေအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်ပြနိုင်သည်။

၂၄။ သမ္မတက ဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းရန် ငြင်းဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်ပြ၍ဆုံးဖြတ်ချက်ယူခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်းကြေညာပါက သမ္မတသည် အဆိုပါဥပဒေကို ပြဋ္ဌာန်းရခြင်း ဆိုသည့် အချက်များကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၇၅ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များအတွက် နိုင်ငံတော်၏ စီရင်ပိုင်ခွင့်အာဏာ အမြင့်ဆုံးတရားရုံးဖြစ်ခြင်း တို့ကိုလေ့လာတွေ့ရှိရပါသည်။ ပြဋ္ဌာန်းဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်နိုင်သကဲ့သို့ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များအပေါ်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ အဆုံးအဖြတ်ပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

**ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ်အဆုံးအဖြတ်ပေးခြင်း**

၂၅။ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအပေါ် အဆုံးအဖြတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအနေဖြင့် သမ္မတရွေးကောက်ပွဲများကို ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်းအပေါ် ရရှိသည့်အပြီးသတ် ရလဒ်များကိုထုတ်ဖော်ကြေညာခြင်း၊ အငြင်းပွားသည့် တိုင်တန်းချက်များကို စစ်ဆေးခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုပုံမှန် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အပြီးသတ်ရလဒ်များကို ထုတ်ဖော်ကြေညာခြင်း၊ ဥပဒေပြုလွှတ်တော်အမတ်များအား ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အငြင်းပွားမှုများကိုအဆုံးအဖြတ်ပေးခြင်း၊ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ကိုယ်စားလှယ်လောင်းများ၏ ခိုင်လုံသောအထောက်အထားများ (recourses)နှင့် အဆိုပါ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဆိုင်ရာရလဒ်များကို အငြင်းပွားမှုများအပေါ် စစ်ဆေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများသာမက မူလတရားစီရင်ပိုင်ခွင့်အာဏာအရ ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အထူးပြဋ္ဌာန်းထားသည့် အငြင်းပွားမှုများအားစစ်ဆေးခြင်းတို့ကိုဆောင်ရွက်ရကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၇၇ အရ တွေ့ရှိရပါသည်။

**အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့ အပြန်အလှန် ထိန်းကျောင်းခြင်း**

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၈ အရ နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော် (National Assembly)ကို ဖျက်သိမ်းနိုင် (can dissolve)ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၃၉ အရ အမျိုးသားလွှတ်တော်ကလည်း အစိုးရအဖွဲ့ကို ဖြုတ်ချ (overthrow) နိုင်ကြောင်းနှင့် ထိုသို့

ဖြုတ်ချရန်အတွက် လွှတ်တော်အမတ်များ၏ များရာဆန္ဒမဲဖြင့် ဆောင်ရွက်ရကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၇။ ကွန်ဂိုသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၀ ၌ တရားမျှတမှုဆိုင်ရာလွှတ်တော် (The High Court of Justice)နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၇) တရားစီရင်ရေးအာဏာ၊ အခန်း (၈) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့နှင့် တူညီခြင်းမရှိပါ။ The High Court of Justice ကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၉၁ အရ ဖွဲ့စည်းပြီး၊ အပိုဒ် ၁၉၂ အရ နိုင်ငံတော်သမ္မတ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၉၃ အရ အထက်လွှတ်တော် (Senate)နှင့် အောက်လွှတ်တော် (National Assembly) ကိုယ်စားလှယ်များ ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ တရားလွှတ်တော်ချုပ်တရားသူကြီးများ (the members of the Supreme Court)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအား ၎င်းတို့၏ တာဝန်ထမ်းဆောင်ရာ၌ ပြစ်မှုသို့မဟုတ် အသေးအဖွဲမှားယွင်းမှုများနှင့်ဆိုင်သော ပြစ်မှုများကို တရားမျှတမှုဆိုင်ရာ လွှတ်တော်ရှေ့တွင် (the High Court of Justice) စစ်ဆေးစီရင်ခြင်းခံရမည်ဖြစ်ပါသည်။ ပြစ်မှုထင်ရှားပါက ပါလီမန်အစည်းအဝေးတွင် လွှတ်တော်အမတ်များ၏ သုံးပုံနှစ်ပုံ လျှို့ဝှက်ဆန္ဒမဲဖြင့် အတည်ပြုပြီး စွပ်စွဲပြစ်တင်ခြင်းကို ပြုလုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း**

၂၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် လုပ်ထုံးလုပ်နည်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄၀ မှ ၂၄၂ အထိတွင်ပြဋ္ဌာန်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအား စတင်ဆောင်ရွက်ခြင်း (the initiative of the revision)ကို နိုင်ငံတော်သမ္မတနှင့် ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များက တစ်ပြိုင်နက်ဆောင်ရွက်ခွင့် (concurrently)ပေးထားကြောင်း တွေ့ရှိရပါသည်။ ပြင်ဆင်ခွင့်မရှိသောအချက်များမှာ သမ္မတစနစ်၏ အသွင်အပြင် (the republican form) နှင့် နိုင်ငံတော်၏ ဘာသာအယူဝါဒ (the secular character of the State) တို့ဖြစ်ပြီး အဆိုပါအချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် (revision)ရန် ကန့်ကွက် တင်ပြခွင့်မရှိကြောင်း အတိအလင်းပြဋ္ဌာန်းထားပါသည်။

**သုံးသပ်တင်ပြချက်**

၂၉။ လက်ရှိကွန်ဂိုသမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင်အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ကွန်ဂိုသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး

ကို ၂၀၁၅ ခုနှစ်တွင် အသစ်ပြန်လည်တည်ထောင်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင် ခဲ့သောကြောင့် ကာလအားဖြင့် များစွာကွာခြားခြင်း မရှိကြောင်းတွေ့ရှိရပါသည်။ ကွန်ဂိုသမ္မတ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သီးသန့်ဖွဲ့စည်းထားသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကိုလည်း သီးခြားတည်ထောင်ထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကြီးကြပ်သည့် အဖွဲ့အစည်း၏ သီးသန့်ဖြစ်တည်မှုချင်း တူညီပါသည်။ ကွန်ဂိုသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ တာဝန်များနှင့် နှိုင်းယှဉ်လေ့လာပါက ကွန်ဂိုသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဥပဒေကြမ်းများ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် သဘောတူစာချုပ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးနိုင်ကြောင်း တွေ့ရှိရသဖြင့် စီရင်ပိုင်ခွင့်ပိုမိုကြောင်း တွေ့ရှိရပါသည်။

## နိဂုံး

၃၀။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၅ နိုင်ငံရှိသည့်အနက်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပါသည်။ အဆိုပါနိုင်ငံများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး/ ခုံရုံး/ ကောင်စီ အဖြစ် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံစုစုပေါင်း ၉၇ နိုင်ငံရှိခဲ့ရာ၊ ယခုတင်ပြသည့် ကွန်ဂိုသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အာဖရိကတိုက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ၃၅ ရုံးအနက် တစ်ရုံးအပါအဝင်ဖြစ်ပါသည်။ ဤစာတမ်းကို ပြုစုခွင့်ရရှိခဲ့သဖြင့် အာဖရိကအနောက်အလယ်ပိုင်းဒေသရှိ နိုင်ငံငယ်လေး တစ်နိုင်ငံဖြစ်သည့် ကွန်ဂိုသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အဆိုပါနိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးစနစ်များအကြောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများ ရွေးချယ်ခန့်အပ်ပုံနှင့် စွပ်စွဲပြစ်တင်နိုင်သည့် အကြောင်းအရာများ၊ အာဏာသုံးရပ်အပြန်အလှန် ထိန်းကျောင်းခြင်းဆိုင်ရာ အချက်အလက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအပါအဝင် စိတ်ဝင်စားဖွယ် အကြောင်းအချက်များကို လေ့လာခွင့်ရရှိခဲ့ပါသဖြင့် အကျိုးကျေးဇူးများစွာရရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

## ကျမ်းကိုးစာရင်း

၁။ https://www.britannica.com/topic/French-language

၂။ https://www.ambacongo-us.org/en/about-congo/ government

၃။ https://en.wikipedia.org/wiki/Republic_of_the_Congo

၄။ https://www.nyulawglobal.org/globalex/congo-brazzaville1.html

၅။ https://en.wikipedia.org/wiki/Republic_of_the_Congo

၆။ https://en.wikipedia.org/wiki/Republic-of-the-Congo

၇။ Congo (Republic of the)'s Constitution of 2015 by Constitute project.org

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

၉။ အောင်ကောင်းစုံအထွေထွေဗဟုသုတမှတ်စု (၂၀၂၄-၂၀၂၅)

၁၀။ CONSTITUTIONS AND COUNTIONAL COURTS OF THE NATIONS WRITTEN BY PROFESSOR DR. TIN AUNG AYE

၁၁။ အင်တာနက်